# မဲပေးတဲ့နေရာကို သွားလို့မရနိုင်ဘူးလား။

## 2020 ခုနှစ် အထွေထွေရွေးကောက်ပွဲနဲ့ ပြည်သူ့ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပါ

2020 ခုနှစ် အထွေထွေရွေးကောက်ပွဲကို End of Life Choice၊ ဆေးခြောက်ဆိုင်ရာ ပြည်သူ့ဆန္ဒခံယူပွဲများနှင့်အတူ အောက်တိုဘာလ (17) ရက်တွင် ကျင်းပသွားမည်ဖြစ်ပါသည်။ သင်သည် အထွေထွေရွေးကောက်ပွဲနဲ့ ပြည်သူ့ဆန္ဒခံယူပွဲတွင် စက်တင်ဘာလ (3) ရက်၊ စနေနေ့မှစတင်ကာ မည်သည့်မဲပေးသည့်နေရာတွင်မဆို သို့မဟုတ် ရွေးကောက်ပွဲကျင်းပသည့်နေ့ဖြစ်သော စက်တင်ဘာလ (17) ရက်နေ့၊ စနေနေ့တွင် မည်သည့်မဲပေးသည့်နေရာမဆို၌ မဲပေးနိုင်ပါသည်။



ပိုမိုသောအချက်အလက်များကို ဖော်ပြပါနေရာများမှ ရရှိနိုင်ပါသည်-

- **vote.nz** သို့ ဝင်ရောက်ကြည့်ရှုပါ။
- **0800 36 76 56** ထံ ဖုန်းခေါ်ဆိုပါ

## Complete this form to authorise someone to collect voting papers on your behalf

**Voter's details. Please print clearly**

My first name(s) are:

My last name is:

My contact telephone number is:

OFFICIAL USE ONLY:
Index reference

Address where I am enrolled to vote:

✓ Tick the electoral roll you believe you are enrolled on:

☐ General roll ☐ Māori roll

## မဲပေးသည့်နေရာများ၌ ဘေးကင်းရေးစီမံချက်များ

2020 ခုနှစ် အထွေထွေရွေးကောက်ပွဲသည် COVID-19 ကြောင့် ကွဲပြားခြားနားနေပါလိမ့်မည်။ လက်သန့်ဆေးနှင့် လူချင်းခွာနေခြင်းတို့အပါအဝင် မဲပေးနေစဉ် သင်နှင့်သင့်မိသားစုကိုကာကွယ်ရန် အလို့ငှာ လုပ်ငန်းစဉ်များကို စီစဉ်ထားရှိပါသည်။

## ဖြစ်နိုင်မည်ဆိုပါက အိမ်နှင့်နီးသောနေရာတွင် စောစောမဲပေးပါ

အောက်တိုဘာလ (3) ရက်၊ စနေနေ့မှ အောက်တိုဘာလ (16) ရက်၊ သောကြာနေ့အထိ မည်သည့်ကြိုတင်မဲပေးဌာနတွင်မဆို မဲပေးနိုင်ပါသည်။ ရွေးကောက်ပွဲနေ့ အောက်တိုဘာလ (17) ရက်၊ စနေနေ့တွင် မဲပေးသည့်နေရာများအားလုံးကို မနက် 9 နာရီမှ ည 7 နာရီအထိ ဖွင့်လှစ်ပါမည်။

မဲပေးခြင်း လျင်မြန်လွယ်ကူစေရန်အတွက် အိမ်နှင့်နီးသည့်နေရာတွင် မဲပေးပါ သင်သည် Aotearoa ရှိ မည်သည့်မဲပေးသည့်နေရာတွင်မဆို မဲပေးနိုင်သော်လည်း သင်၏မဲဆန္ဒနယ်ပြင်ပတွင် မဲပေးမည်ဆိုပါက အပိုဖောင်တစ်စောင်ဖြည့်ရန် လိုအပ်ပါလိမ့်မည်။

မည်သည့်နေရာနှင့် မည်သည့်အချိန်၌ မဲပေးရမည်ဟူသော အချက်အလက်များကို **vote.nz** တွင် သို့မဟုတ် **0800 36 76 56** ထံ ခေါ်ဆိုမေးမြန်းခြင်းဖြင့် သိရှိနိုင်ပါသည်။

## သင်သည် မဲပေးသည့်နေရာကို မသွားနိုင်လျှင်တောင် မဲပေးနိုင်ဆဲဖြစ်ပါသည်

ကျွန်ုပ်တို့သည် မဲပေးသည့်နေရာသို့မသွားနိုင်သူများ၊ ဥပမာအားဖြင့်၊ နာမကျန်းမှုကြောင့်၊ အသက်အရွယ်ကြောင့် သို့မဟုတ် မသန်စွမ်းမှုကြောင့် မသွားနိုင်သူများအတွက် မဲပေးခြင်းဝန်ဆောင်မှုများကို အစဉ်အမြဲ ဖြည့်ဆည်းပေးပါသည်။ 2020 ခုနှစ်အတွက်၊ သင်သည် ကျန်းမာရေး သို့မဟုတ် ရွေ့လျားသွားလာနိုင်စွမ်း ချို့တဲ့ခြင်းကြောင့် မဲပေးသည့်နေရာသို့ မသွားနိုင်ပါက၊ စာတိုက်မှတဆင့်မဲပေးခြင်းအတွက် လျှောက်ထားနိုင်ပါသည် သို့မဟုတ် သင်၏ မဲပေးသည့်စာရွက်များကိုယူလာပေးရန် တစ်စုံတစ်ဦးကို တောင်းဆိုနိုင်ပါသည်။

## သင်၏မဲပေးသည့်စာရွက်များကိုယူလာပေးရန် တစ်စုံတစ်ဦးကို တောင်းဆိုပါ

ပူးတွဲပါဖောင်ကို ဖြည့်စွက်ကာ လက်မှတ်ထိုးပြီး မဲပေးသည့်နေရာသို့ ထိုစာရွက်ကိုယူလာပေးရန် တစ်စုံတစ်ဦးကို တောင်းဆိုပါ။ ထို့နောက် ၎င်းတို့သည် သင်၏မဲပေးသည့်စာရွက်များကို ဖြည့်စွက်ရန် သင့်ထံယူလာပေးပါလိမ့်မည်။ သင်၏မဲပေးသည့်စာရွက်များကို အောက်တိုဘာလ (17) ရက် စနေနေ့ ည 7 နာရီမတိုင်မီတွင် မဲပေးသည့်နေရာသို့ ပြန်ပို့ပေးရပါမည်။

## စာတိုက်မှတဆင့် မဲပေးခြင်းအတွက် လျှောက်ထားပါ

သင်သည် **0800 36 76 56** ထံဖုန်းခေါ်ဆိုခြင်းဖြင့် စက်တင်ဘာလ (23) ရက်နေ့အထိ စာတိုက်တဆင့်မဲပေးခြင်းအတွက် လျှောက်ထားနိုင်ပါသည်။ သင်သည် ကျွန်ုပ်တို့ထံဖုန်းခေါ်ဆိုခြင်းမပြုမီ စာရင်းသွင်းထားရန်လိုအပ်ပါသည်။

မဲပေးသည့်အထုပ်များသည် စာတိုက်မှတဆင့် အောက်တိုဘာလ (3) ရက် စနေနေ့မှ အောက်တိုဘာလ (9) ရက်၊ သောကြာနေ့အတွင်း ရောက်ရှိလာပါလိမ့်မည်။

ဖြည့်စွက်ထားသော စာတိုက်မှတဆင့်မဲပေးသည့်မဲများကို အချိန်မီရောက်ရှိကာ ရေတွက်နိုင်ရန်အတွက် အောက်တိုဘာလ (14) ရက်၊ ဗုဒ္ဓဟူးနေ့တွင် စာတိုက်မှပေးပို့ရပါမည် သို့မဟုတ် သင်သည် တစ်စုံတစ်ဦးကို ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်ဖြစ်သော အောက်တိုဘာလ (17) ရက်၊ စနေနေ့ ည 7 နာရီတွင် မဲပေးသည့်နေရာသို့ သင်၏မဲစာရွက်များ ကိုသွားပေးပေးရန် တောင်းဆိုနိုင်ပါသည်။

## ရွေးကောက်ပွဲနေ့မှာ အလုပ်လုပ်နေရပါသလား။

ရွေးကောက်ပွဲနေ့တွင် အလုပ်မှခေတ္တထွက်ခွာကာ မဲပေးရန် တရားဝင်ခွင့်ပြုထားပါသည်။ သင်သည် အောက်တိုဘာလ (3) ရက်၊ စနေနေ့မှစကာ မည်သည့်မဲပေးသည့်နေရာတွင်မဆို စောစီးစွာ မဲပေးနိုင်ပါသည်။

## သင်သည် အနားယူစောင့်ရှောက်ရေးဂေဟာတွင် ရှိနေလျှင်ပင် မဲပေးနိုင်ဆဲဖြစ်ပါသည်

သင်သည် အနားယူစောင့်ရှောက်ရေးဂေဟာတွင်ရှိနေပြီး မဲပေးသည့်နေရာသို့ မသွားနိုင်ပါက၊ ကျွန်ုပ်တို့ထံဆက်သွယ်ရန်မလိုအပ်ပါ။ သင်၏ ဒေသတွင်း ရွေးကောက်ပွဲတာဝန်ခံအရာရှိသည် မဲပေးသည့်ဝန်ဆောင်မှုများကိုစီစဉ်ပေးရန် သင်၏ အနားယူစောင့်ရှောက်ရေးဂေဟာ၏ မန်နေဂျာထံသို့ ဆက်သွယ်ပါလိမ့်မည်။

## သင်သည် ဆေးရုံတွင်ရှိနေလျှင်ပင် မဲပေးနိုင်ဆဲဖြစ်ပါသည်

သင်သည် ဆေးရုံတွင်ရှိနေခြင်းကြောင့် မဲပေးသည့်နေရာသို့ မသွားနိုင်ပါက၊ အောက်တိုဘာလ (3) ရက်နေ့မှစတင်ကာ၊ မိတ်ဆွေ သို့မဟုတ် မိသားစုဝင်သည် သင်၏မဲပေးသည့်စာရွက်များကို သင့်ထံ ယူဆောင်လာပေးနိုင်ပါသည်။ အကယ်၍ သင်သည် ရွေးကောက်ပွဲနေ့မတိုင်မီ ဆေးရုံပြရန် စီစဉ်ထားပါက ဖြစ်နိုင်လျှင် အောက်တိုဘာလ (3) ရက်နေ့မှစတင်၍ ကြိုတင်မဲပေးခြင်းမှာ အကောင်းဆုံးဖြစ်ပါသည်။

## သင်သည် စီစဉ်သတ်မှတ်ထားသော သီးခြားခွဲနေခြင်း သို့မဟုတ် ရောဂါခြေချုပ်အဆောက်အဦတွင်ရှိနေလျှင်ပင် မဲပေးနိုင်ဆဲဖြစ်ပါသည်

သင်သည် ကျွန်ုပ်တို့ထံဆက်သွယ်ရန်မလိုအပ်ပါ။ ကျွန်ုပ်တို့သည် စီစဉ်သတ်မှတ်ထားသော သီးခြားခွဲနေခြင်း သို့မဟုတ် ရောဂါခြေချုပ်အဆောက်အဦများတွင်ရှိနေသူများအတွက် မဲပေးသည့် ဝန်ဆောင်မှုများကိုဖြည့်ဆည်းပေးရန် အဆောက်အဦမန်နေဂျာနှင့်အတူ လုပ်ဆောင်ပါမည်။

# Give my voting papers to the person I have authorised.

**The name of the person I have authorised to collect and deliver my voting papers to me is:**

✓ ☐ **I have been authorised to collect and deliver voting papers to the voter named on this form.**

| Signature of authorised person | Date |
|---|---|
| | |

| Signature of voter | Date |
|---|---|
| | |

**Note: this application must be signed for it to be valid**

ELECTORAL COMMISSION
TE KAITIAKI TAKE KŌWHIRI